MPRL E&P Pte Ltd.

## သတင်းထုတ်ပြန်ချက်

### MPRL E&P က IOR-6 လုပ်ကွက်နှင့်စပ်လျဉ်းသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု လေ့လာအကဲဖြတ်ချက် (ESIA) ထုတ်ဖော်အသိပေးမှု အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တွင် ပြုလုပ်

**၄ မတ် ၂၀၁၆၊ ရန်ကုန် -** မြန်မာနိုင်ငံ၏ ကမ်းလွန်ဒေသနှင့် ကုန်းတွင်းပိုင်း နှစ်ခုစလုံးတွင် လုပ်ငန်းလည်ပတ်နေပြီး မြန်မာအမျိုးသားများဦးဆောင်သော ပုဂ္ဂလိက ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော MPRL E&P Pte Ltd (MPRL E&P) က IOR-6 လုပ်ကွက်နှင့်စပ်လျဉ်းပြီး ရန်ကုန်မြို့ ပြည်လမ်းရှိ Vantage Tower တွင် ယနေ့နံနက် ၉ နာရီမှ နေ့လည် ၁၂ နာရီအထိ ထုတ်ဖော်အသိပေးမှုအလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့နှင့်အတူ အောက်ပါအဖွဲ့အစည်းများ (အင်္ဂလိပ်အက္ခရာစဉ်အတိုင်းဖြစ်ပါသည်) က ထုတ်ဖော်အသိပေးမှု အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ခဲ့ပြီး ၄င်းတို့၏ ထဲထဲဝင်ဝင်သိရှိနားလည်မှုများ၊ စိုးရိမ်ပူပန်မှုများနှင့် မေးခွန်းများ တင်ပြ၊ မေးမြန်းခဲ့ပါသည် -

- "ရှေ့ဝတီ လူမှုဖွံ့ဖြိုးရေးအသင်း"
- စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးများ အရင်းအမြစ်ဌာန
- "လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း"
- နိုင်ငံတကာ ကမ္ဘာမြေကြီးအခွင့်အရေး
- Fauna & Flora International
- "မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက် မဟာမိတ်အဖွဲ့" (MATA)
- "မြန်မာစီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန" (MCRB)
- မြန်အောင်မြို့နယ်အသင်း (ရန်ကုန်)
- သဘာဝအရင်းအမြစ်များ အစိုးရအဖွဲ့အစည်း (NGRI)
- "ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့" (POINT)
- "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်" (UMFCCI)

623 Pyay Road, University P.O., Kamaryut Township, Yangon, Myanmar
Tel: ( 95-1 ) 230 7733 / Fax : ( 95-1 ) 230 7744
email : mprlstaff@mprlexp.com

အများပြည်သူပါဝင်ဆောင်ရွက်မှုနှင့် ဆိုင်ရာပတ်သက်ဆက်နွှယ်သူများနှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်ခြင်းသည် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု လေ့လာအကဲဖြတ်မှု (ESIA) လုပ်ငန်းစဉ်တွင် အရေးကြီးသည့် အခြေခံ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ဤထုတ်ဖော်အသိပေးမှု အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်များမှာ ဆင့်ပွား ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်သွယ်ဆက်ဆံမှု အစပျိုးရန်နှင့် IOR-6 လုပ်ကွက်ဆိုင်ရာ ESIA အစီရင်ခံစာလုပ်ငန်း စဉ်နှင့်ပတ်သက်ပြီး ခြုံငုံဖော်ပြချက်တစ်ရပ် ပေးရန်နှင့် အထူးသဖြင့် လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် ဘူမိဆန်းစစ်လေ့ လာမှု ပြုဖွယ်ဆောင်တာများ၊ ရေနံတွင်းဆိုင်ရာလုပ်ငန်း ပြုဖွယ်ဆောင်တာများနှင့်ဆက်စပ်နေသည့် အဆိုပြု ထိခိုက်မှု လျော့ပါးသက်သာစေရေး စီမံချက်များနှင့်စပ်လျဉ်းပြီး နောက်ဆုံးအခြေအနေ တင်ပြမှုတစ်ရပ်ပေးရန် ဖြစ်ပါသည်။ ထို့ပြင် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ပါဝင်သူများကို MPRL E&P ၏ နစ်နာချက်အလျော်ပေးမှု စနစ်အကြောင်းနှင့် ဆွေးနွေး တိုင်ပင်မှုနှင့် ထုတ်ဖော်အသိပေးမှု ထုတ်ပြန်ချက်များကို ဝင်ကြည့်နိုင်၊ သဘောထားမှတ်ချက်ပေးနိုင်မည့် ထုတ်ဖော်အသိ ပေးမှု ဝက်ဘ်စာမျက်နှာအကြောင်းတို့ကို မျှဝေရန် ရည်ရွယ်ပါသည်။

MPRL E&P Pte Ltd. သည် Improved Petroleum Recovery (IPR) ကန်ထရိုက်စာချုပ်အောက်တွင် လုပ်ငန်းလည် ပတ်ရန် ရှာဖွေတူးဖော်ရေးလုပ်ကွက် IOR-6 (အခြားအမည် 'မြန်အောင်လုပ်ကွက်') ကို အောက်တိုဘာ ၂၀၁၄ တွင် လုပ် ကိုင်ခွင့် အပ်နှင်းခံခဲ့ရပါသည်။

အလုပ်ရုံဆွေးနွေးပွဲသည် နေ့လည် ၁၂ နာရီတွင် အောင်အောင်မြင်မြင်ပြီးဆုံးခဲ့ပြီး အထူးသဖြင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် မြန်အောင်ဒေသ၏ ကိုယ်စားလှယ်များ အပါအဝင်ဖြစ်သော တက်ရောက်လာသူများက အရေးကြီးသည့် စိုးရိမ်ပူပန်မှုများ (အလေးထားစရာကိစ္စများ) နှင့် မေးခွန်းများကို အသိပေး၊ မေးမြန်းခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသော သတင်းအချက်အလက်က ထိလွယ်ရှလွယ်အရေးကိစ္စများနှင့် စပ်လျဉ်းပြီး အဓိက ပတ်သက်ဆက်နွှယ်သူများ၊ ဆင့်ပွားပတ်သက်ဆက်နွှယ်သူများနှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်မှု ရှေ့ဆက်လုပ်ဆောင်ရန် MPRL E&P ကို ယုံကြည်မှု နှင့် အသိရစေပါသည်။

ဤလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုကို နောက်ထပ်တိုးမြှင့်ရန်အတွက် ယနေ့အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် အဖွဲ့ အစည်းများက သိစေအပ်သော အလေးထားစရာကိစ္စများနှင့် အများတုံ့ပြန်ချက် (feedback) တို့ကို ထည့်သွင်းဖော်ပြရန် MPRL E&P's ဝက်ဘ်ဆိုက်ပေါ်ရှိ ထုတ်ဖော်အသိပေးမှုစာမျက်နှာကို နောက်ဆုံးအခြေအနေမွမ်းမံမှု လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

623 Pyay Road, University P.O., Kamaryut Township, Yangon, Myanmar

Tel: ( 95-1 ) 230 7733 / Fax : ( 95-1 ) 230 7744

email : mprlstaff@mprlexp.com

<u>မီဒီယာစုံစမ်းမေးမြန်းမှုများအတွက် အောက်ပါအတိုင်း ဆက်သွယ်ပါ -</u>

ဒေါ်ဂုဏ်မှုံတင်လတ်

အကြီးတန်း ဆက်သွယ်ရေးအရာရှိ

MPRL E&P Pte Ltd.

မိုဘိုင်းဖုန်း - + ၉၅၉ ၂၅၁ ၆၄၁ ၉၂၈

အီးမေးလ် - withmone.t.latt@mprlexp.com